ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရှမ်းပြည်နယ်(တောင်ပိုင်း)
ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ဆီဆိုင်မြို့နယ်

**လူထုဗဟိုပြုစီမံကိန်း**
**National Community Driven Development Project**
**(NCDDP)**



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)
**ပင်လေကျေးရွာ၊ ကုန်းဆွတ်ကျေးရွာအုပ်စု**

**မာတိကာ**


၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ (တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၂။အစည်းအဝေးမှတ်တမ်းများ

၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁။ဆီဆိုင်မြို့နယ်မြေပုံ


ဆီဆိုင်မြို့နယ်အခြေပြမြေပုံ
ဟိုပုံးမြို့နယ်
တောင်ကြီးမြို့နယ်
ညောင်ရွှေမြို့နယ်
ဖယ်ခုံမြို့နယ်
လွိုင်ကော်ခရိုင်
ဆီဆိုင်
ဆီဆိုင်မြို့နယ်
ရည်ညွှန်းချက်
မြို့နယ်ခြား
ရပ်ကွက်/ကျေးရွာအုပ်စုခြား
ကားလမ်း
ရထားလမ်း
ကျေးရွာခြင်းဆက်လမ်း
အမည်ပြောင်း

၂။ကျေးရွာတည်နေရာဖော်ပြသော ကျေးရွာအုပ်စုအခြေပြမြေပုံ



၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | တည်နေရာပြကုဒ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|---|---|
| ၁ | MMR1304005001 | ကုန်းဆွတ် | ကုန်းဆွတ် |
| ၂ | MMR1304005002 | ကုန်းဆွတ် | နမ့်ဘော်လိတ် |
| ၃ | MMR1304005003 | ကုန်းဆွတ် | တောင်သာ |
| ၄ | MMR1304005004 | ကုန်းဆွတ် | မဲ့သိုင်းထို |
| ၅ | MMR1304005005 | ကုန်းဆွတ် | ကွန်မွန်း |
| ၆ | MMR1304005006 | ကုန်းဆွတ် | ပန်ကန်းလေး |
| ၇ | MMR1304005007 | ကုန်းဆွတ် | ဖာလှိုင် |
| ၈ | MMR1304005008 | ကုန်းဆွတ် | လာဇရှူး |
| ၉ | MMR1304005009 | ကုန်းဆွတ် | နောင်လိတ် |
| ၁၀ | MMR1304005010 | ကုန်းဆွတ် | သပြေကုန်း |
| ၁၁ | MMR1304005011 | ကုန်းဆွတ် | မွှေတော်နမ့်စစ် |
| ၁၂ | MMR1304005012 | ကုန်းဆွတ် | နမ့်ယက် |
| ၁၃ | MMR1304005013 | ကုန်းဆွတ် | ထီလျော့ |
| ၁၄ | MMR1304005014 | ကုန်းဆွတ် | နမ့်ငိုင်း |
| ၁၅ | MMR1304005015 | ကုန်းဆွတ် | ကုန်းသာ(ရ) |
| ၁၆ | MMR1304005016 | ကုန်းဆွတ် | မကောင်(ရ) |
| ၁၇ | MMR1304005017 | ကုန်းဆွတ် | မက်မုံ့ဆုံ/ တခေါ့ထို |
| ၁၈ | MMR1304005018 | ကုန်းဆွတ် | မကောက်(နောက်) |
| ၁၉ | MMR1304005019 | ကုန်းဆွတ် | နောင်ယွေး(နောက်) |
| ၂၀ | MMR1304005020 | ကုန်းဆွတ် | ကောင်ရှူး/ ပင်လေ |
| ၂၁ | MMR1304005021 | ကုန်းဆွတ် | နောင်ယွေး(ရ) |
| ၂၂ | MMR1304005022 | ကုန်းဆွတ် | မြေနီ |
| ၂၃ | MMR1304005023 | ကုန်းဆွတ် | ကုန်းသာ(န) |

## ၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

### ပင်လေကျေးရွာ၏ကျေးရွာသမိုင်းအကျဉ်း

ပင်လေကျေးရွာသည်ဆီဆိုင်မြို့၏အနောက်ဘက်တွင်တည်ရှိပါသည်။အရှေ့ဘက်တွင်တာဘက်ချောင်း၊ မြောက်ဘက်တွင်နောင်လိတ်ကျေးရွာ၊ တောင်ဘက်တွင် လာဇရှူးကျေးရွာ၊ အနောက်ဘက်တွင် တောင်ကြီးမြို့စသည်တို့နှင့်နယ်နမိတ်ထိစပ်နေပါသည်။

ကျေးရွာတွင် ယခင်တည်ထောင်ခါစ အိမ်ခြေ (၃) အိမ်သာ ရှိသည်။မြန်မာခုနှစ် (၁၃၆၄)တွင် စတည်ထောင်ခဲ့ပါသည်။ ကောင်ရှူး(ပင်လေ)ဟု မခေါ်ဝေါ်ခင်တွင် ပအိုဝ့် နာမည်ဖြင့် တလော့ ဟု ခေါ်ဝေါ်ခဲ့သည်။ ယခုချိန်ထိလည်း ထိုကဲ့သို့ ခေါ်လေ့ရှိသည်။ကျေးရွာသည် ရာဇဝင်များအရ ကျန်စစ်သားမင်း၏ လက်ထောက်လေးယောက်သည် လူဆိုးများလိုက်လံဖမ်းစီးရာ ထွက်ပြေးရင်း ယခုကျေးရွာနေရာတောင်ခြေ ဂူပေါက်တွင်း ဝင်ပုန်းရင်းနှင့်ပြောက်ကွယ်ခဲ့သွားသည်မှ ထိုတောင်ခြေနေရာကို လေးယောက်ဟုခေါ်ရင်း တစ်ယောက်ဟုအမည်ရလာခဲ့ပါသည်။၎င်းမှတဆင့် တဦးနှင့် တစ်ဦးခေါ်ပုံခြင်းမတူကြရာမှ တလော့ဟု အမည်တွင်လာခဲ့သည်။

ကျေးရွာပတ်လည်တွင် တောတောင်များ ဝန်းရံလျက်ရှိပြီး တောင်ခြေတွင် ရေထွက်ရှိသည်။ သစ်တောများ ပေါ်များခြင်း ရေထွက်ကောင်းခြင်း အရင်းအမြစ်များ ပေါ်များသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ လုပ်ကိုင်လျက်ရှိသည်။ ကျေးရွာလူထု အားလုံးမှာ ဗုဒ္ဓဘာသာကိုသာကိုးကွယ်ကြပါသည်။ ပအိုဝ့်လူမျိုးများနေထိုင်လျက်ရှိပြီး လူဦးရေ အနည်းငယ်သာရှိပါသည်။ ကျေးရွာတွင်းနေထိုင်သူများမှာ (၇၄) ဦးရှိပြီး အိမ်ထောင်စုမှာ (၃၁) ရှိသည်။ နွမ်းပါး အိမ်ထောင်စုမှာ (၁၂) အိမ်ရှိပြီး အသင့်တင့်မှာ (၁၂)အိမ်ရှိသည်။

ကျေးရွာတွင် ကလေးများ ပညာသင်ကြားရာ ခက်ခဲသဖြင့် ကျေးရွာလူထုပူးပေါင်းပြီးဝါးဖြင့် စတင်ကာ ကျောင်းဆောင် ဆောက်ခဲ့ကြသည်။ တခြားရွာမှ စာသင်ရန် လူထုခန့်များ ခေါ်ခဲ့ရသည်။ နောက်ပိုင်းတွင် အစိုးရမှ မူလတန်းကျောင်းနှင့် ဆရာ၊ ဆရာမများ ချပေးခဲ့ပါသည်။ ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် ရွာဦး စေတီတစ်ဆူရှိပါသည်။ ကျန်းမာရေး ဝန်ဆောင်မှု အနေဖြင့် ကျေးရွာတွင် ဆေးခန်းမရှိပါ။ အနီးစပ်ဆုံးအနေဖြင့် မိုက်တီးကျေးရွာ ဆေးပေးခန်းနှင့် ဆီဆိုင်ဆေးရုံသို့သာ သွားရပါသည်။ လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ဆိုင်ကယ်နှင့် ထော်လာဂျီကို အသုံးပြုကြသည်။ ကားကိုလဲ အနည်းငယ် သုံးပြုသည်။ လမ်းခရီး ခက်ခဲသဖြင့် မြို့ပေါ်သွားရောက်ခြင်း နည်းပါးသည်။

| စဉ် | ကျေးရွာ | အိမ်ခြေ | အိမ်ထောင်စု | လူမျိုးစုအမည် | ကိုးကွယ်သည့်ဘာသာ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁။ | ပင်လေ | ၃၁ | ၃၁ | ပအိုဝ်း | ဗုဒ္ဓဘာသာ | ၇၃ |

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်ကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၄.၅.၂၀၁၄ | ကျေးရွာခေါင်ဆောင်အဖွဲ့ဝင်များ | ၃၃ | ၃၈ | ၇၁ | အသက်မွေးဝမ်းကြောင်းများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအရင်းအမြစ်များ။ |
| ၂။ | ဥတ္တုခနကြွယ်ဝမှုပုံစံ | ၄.၅.၂၀၁၄ | အမျိုးသားများနှင့်အမျိုးသမီးများအဖွဲ့ | ၃၃ | ၃၈ | ၇၁ | ကျေးရွာအတွင်းရှိလူနေမှုအဆင့်အတန်းများအကြောင်း |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၄.၅.၂၀၁၄ | အမျိုးသားများနှင့်အမျိုးသမီးများအဖွဲ့ | ၃၃ | ၃၈ | ၇၁ | ကျေးရွာအတွင်းရှိအရင်းအမြစ်များကိုအမျိုးသား၊အမျိုးသမီးများ၏သုံးစွဲပုံများကိုဆွေးနွေးသည်။ |
| ၄။ | ရာသီခွင်ပြပြက္ခဒိန် | ၄.၅.၂၀၁၄ | အမျိုးသားများနှင့်အမျိုးသမီးများအဖွဲ့ | ၃၃ | ၃၈ | ၇၁ | အသက်မွေးဝမ်းကြောင်းဝင်ငွေရရှိမှု၊ ရေရရှိမှုရွာသားများအားလပ်ချိန်များ ရာသီဥတုစသည့်အကြောင်းအရာများကို အဓိကဆွေးနွေးသည်။ |
| ၅။ | ပင့်ကူအိမ်ပုံစံ | ၄.၅.၂၀၁၄ | အမျိုးသားတစ်ဖွဲ့ နှင့် အမျိုးသမီးတစ်ဖွဲ့ | ၃၃ | ၃၈ | ၇၁ | အမျိုးသမီးများအားဖွဲ့အစည်းများတွင်ပါဝင်မှု၊လူမှုရေးတွင်ပါဝင်နိုင်မှု၊ ဦးဆောင်နိုင်မှုစွမ်းရည်မျိုးကိုအမျိုးသား၊ အမျိုးသမီးခွဲ၍ဆွေးနွေးသည်။ |
| ၆။ | ဗင်းပုံစံ | ၄.၅.၂၀၁၄ | အမျိုးသားများနှင့်အမျိုးသမီးများအဖွဲ့ | ၃၃ | ၃၈ | ၇၁ | ရွာတွင်းအဖွဲ့အစည်းနှင့် ကျေးရွာပြင်ပရှိအစိုးရအဖွဲ့အစည်း၊N.G.O အဖွဲ့နှင့်ချိတ်ဆက်ပုံအဆင့်ဆင့် ဆွေးနွေးသည်။ |
| ၇။ | အမျိုးသား/အမျိုးသမီးများ၏အခက်အခဲ/ပြဿနာများ | ၅.၅.၂၀၁၄ | အမျိုးသားတစ်ဖွဲ့ နှင့် အမျိုးသမီးတစ်ဖွဲ့ | ၃၃ | ၃၆ | ၆၈ | ရွာသူ/ရွာသားများ၏စီးပွားရေး/လူမှုရေး/ ပညာရေးစသည်တို့နှင့်ကြုံတွေ့ရသည့် အခက်အခဲပြဿနာများ |
| ၈။ | အမျိုးသား/အမျိုးသမီးများ၏မျှော်မှန်းချက်များ | ၅.၅.၂၀၁၄ | အမျိုးသားတစ်ဖွဲ့ နှင့် အမျိုးသမီးတစ်ဖွဲ့ | ၃၃ | ၃၆ | ၆၈ | စီမံကိန်း(၄)နှစ်ကာလပြီးပါကနောင်(၅) နှစ်တွင်ရွာသူ/သားများကမိမိတို့ ကျေးရွာအားဖွံ့ဖြိုးစေချင်သော မျှော်မှန်းချက်များကိုဆွေးနွေးသည် |
| ၉။ | အမျိုးသား/အမျိုးသမီးအဆိုပြုသောလုပ်ငန်းစဉ်များ | ၅.၅.၂၀၁၄ | အမျိုးသားတစ်ဖွဲ့ နှင့် အမျိုးသမီးတစ်ဖွဲ့ | ၃၃ | ၃၆ | ၆၈ | ဖွံ့ဖြိုးတိုးတက်စေချင်သောလုပ်ငန်းများအား ကျား/မခွဲ၍ဆွေးနွေးစေသည် |
| ၁၀ | ဦးစားပေးလုပ်ငန်းများကိုမဲပေးရွေးချယ်ခြင်း | ၅.၅.၂၀၁၄ | အစည်းအဝေးတက်ရောက်သူအားလုံး | ၃၂ | ၃၆ | ၆၈ | ကျား/မတင်ပြသောဖွံ့ဖြိုးရေးလုပ်ငန်းကိုတစ်ခုတစ်စည်းတည်းစုခြင်းနှင့် လုပ်ငန်းခွဲများကိုမဲပေးရွေးချယ် |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ




**လူမှုရေးအရင်းအမြစ်ပြမြေပုံဆန်းစစ်ချက်နှင့်သုံးသပ်ချက်**

လူမှုရေးအရင်းအမြစ်ပြမြေပုံကို ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးဆန်းစစ်မှုပြုခဲ့ရာ အောက်ပါအချက်များအတိုင်းတွေ့ရှိရပါသည်။

- ကျေးရွာ၏ အရှေ့ဘက်တွင် သစ်တောကြိုးဝိုင်း တည်ရှိပြီး အနောက်ဘက်တွင် ရေချောင်း၊ သစ်တောများနှင့် စေတီ၊ တောင်ဘက်တွင်စိုက်ပျိုးရေးခြံများ တောတောင်များကိုတွေ့ရပါသည်။
- ရွာ၏ အရှေ့ဘက်တွင် ကျောက်တစ်လုံးသွားသော ကျေးရွာချင်းဆက်လမ်းနှင့် ဆိုက်ခေါင်သို့သွားသောမြေသားလမ်းများတွေ့ရပါသည်။
- ရွာအဝင်ရွာဦးစေတီ နှစ်ဆူ ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် မူလတန်းစာသင်ကျောင်းတို့ရှိပါသည်။
- ကျေးရွာလူထုသောက်သုံးရေကို စိမ့်စမ်းရေသွယ်စနစ်ဖြင့် ကျေးရွာတွင်းရေလှောင်ကန် (၂)ကန်ဖြင့် အသုံးပြုလျက်ရှိနေပါသည်။
- ကျေးရွာ၏ ရိုးရာဓလေ့အရ နတ်စင်တည်ထားကိုးကွယ်သည်ကိုလဲမြင်တွေ့ရပါသည်။ ကျေးရွာ၏ အောက်ဘက်တွင် ရေထွက်တစ်ခုတွေ့ရပါသည်။
- ကျေးရွာ၏ ပတ်လည်တွင် လည်ကွင်း/တောင်ယာများနှင့် တောတောင်များ ပတ်လည်ဝိုင်းနေသည်ကို တွေ့ရပါသည်။
- ကျေးရွာသည် စိုက်ပျိုးရေးကိုသာ အဓိကအသက်မွေးဝမ်းကျောင်းအနေဖြင့် လုပ်ကိုင်ကြပါသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ





### ဥစ္စာဓနကြွယ်ဝမှုဆန်းစစ်ချက်နှင့်သုံးသပ်ချက်


ဥစ္စာဓန ကြွယ်ဝမှုဇယားကို ကျေးရွာရှိ လူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေး ဆန်းစစ်မှုပြုခဲ့ရာ အောက်ပါအချက်များ အတိုင်း တွေ့ရှိရပါသည်။

- ကျေးရွာတွင် ပြည့်စုံသော အိမ်ထောင်စုမှာ (၈)စုရှိပါသည်။ ပိုင်ဆိုင်မှုများသော အိမ်ထောင်စုများကို ပြည့်စုံသောအိမ်ထောင်စုအဖြစ် သတ်မှတ်ကြပါသည်။ လည်းကောင်းအိမ်ထောင်စုများမှာ ထော်လာဂျီများ/ ထွန်စက်/ ဆိုင်ကယ်/ ပျဉ်ထောင်အိမ်/ကျွဲ/နွားများ လယ်မြေများစွာရှိခြင်း စသည်တို့ ပိုင်ဆိုင်ခြင်းကြောင့် ဖြစ်သည်။
- အလည်အလတ်ရှိသော အိမ်ထောင်စုများမှာ (၁၁)အိမ်ထောင်စုရှိပြီး လည်းကောင်းတို့သည် အိမ်အသင့်တင့် / ဆိုင်ကယ်ရှိ/ ကျွဲနွား/ စိုက်ပျိုးမြေ အနည်းငယ်ရှိခြင်းကြောင့် ဖြစ်သည်။
- နွမ်းပါး အိမ်ထောင်စု (၁၂)စု ရှိပါသည်။ ယင်းအိမ်ထောင်စုများသည် တစ်နေ့လုပ်တစ်နေ့စားများ ဖြစ်ကြပြီး စိုက်ပျိုးမြေများ မရှိခြင်း/ အလုပ်အကိုင် ရှားပါးခြင်း စိုက်ပျိုးရန် အရင်းအနှီး မရှိခြင်း စသည်တို့ကြောင့် နွမ်းပါးရပါသည်။
- စီမံကိန်းမှ အလုပ်အကိုင်များ ဖန်တီးပေးခြင်း/ စိုက်ပျိုးမြေနှင့် အရင်းအနှီးများ ငွေစု/ ငွေချေးများ ဖန်တီးပေးခြင်း အသက်မွေးဝမ်းကြောင်း သင်တန်းများ လုပ်ဆောင်ပေးခြင်း စသည်တို့ဖြင့် နွမ်းပါးသော အိမ်ထောင်စုများကို ဦးစားပေး လုပ်ဆောင်ပေးလျှင် ပိုအဆင်ပြေစေမည် ဖြစ်ပါသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ပိုင်ဆိုင်မှုသုံးသပ်ခြင်း(အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုပုံစံပြဇယား)






### ပိုင်ဆိုင်မှုသုံးသပ်ခြင်းနှင့်ဆန်းစစ်ချက်

ပိုင်ဆိုင်မှု နှင့် အရင်းမြစ် ထိန်းချုပ်မှုဇယား ဆွေးနွေးသုံးသပ်ခြင်းကို ကျေးရွာရှိ လူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးဆန်းစစ်မှုပြုခဲ့ရာ အောက်ပါအချက်များ အတိုင်း တွေ့ရှိရပါသည်။

- နှစ်ဦးလုံး အသုံးပြုသော အရင်းအမြစ်များမှာ စာသင်ကျောင်း/ ဘုန်းကြီးကျောင်း/ လည်ကွင်း စသည်တိုဖြစ်ပါသည်။
- ရေပေးကန်နှင့် နတ်စင်မှာ အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ်ဖြစ်ပါသည်။
- အမျိုးသားများ အသုံးပြုသော အရင်းအမြစ်များမှာ ရေချောင်း/ တောင်ယာ/ သစ်တော/ စိုက်ပျိုးရေးခြံ စသည်တို့ဖြစ်ပါသည်။
- နှစ်ဦးလုံး ထိန်းချုပ်သော အရင်းအမြစ်များ မရှိပါ။ ဘုန်းကြီးကျောင်း/ နတ်စင် တို့ကို အမျိုးသမီးများ ထိန်းချုပ်သည်။
- စာသင်ကျောင်း/ လည်ကွင်း/ ရေပေးကန်/ ရေချောင်း/ သစ်တော/ စိုက်ပျိုးရေးခြံ စသည်တို့ကို အမျိုးသားများ မထိန်းချုပ်သည်။
- သုံးစွဲမှုမှာ များပြားသော်လည်း ထိန်းချုပ်သည့်နေရာတွင် အမျိုးသမီးများမှ အမျိုးသားများနှင့် နိုင်းယှဉ်လျှင် အားနည်းသည်ကို တွေ့ရသည်။ အမျိုးသားများက အမျိုးသမီးများကို ဆွဲခေါ်ရန်လိုအပ်ပါသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ



### ရာသီခွင်ပြပြက္ခဒိန်ဆန်းစစ်ချက်


ရာသီခွင်ပြ ဇယားကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆွေးနွေးဆန်းစစ်မှုများ ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။


- ကျေးရွာရှိ နေထိုင်သူအားလုံးမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။
- တောင်ယာစပါး၊မြေပဲ ၊ပြောင်း၊ပဲပုတ်၊ ပဲစင်းငုံ၊ ငရုတ်သီး၊စသည်တို့ကို အဓိကထား စိုက်ပျိုးပါသည်။
- တော်တလင်း/ သီတင်းကျွတ်/ တခေါင်လများတွင် အမျိုးစားလိုက် သီးနှံများ ရိက်သိမ်းကြသည်။
- လည်ယာစပါးကို တန်ဆောင်မုန်းလတွင် ရိတ်သိမ်းကြသည်။ နတ်တော်လတွင် ကြက်သွန်ဖြူ/ သခွားသီး စိုက်ပျိုးကြပြီး တပေါင်းလတွင် သိမ်းဆည်းကြသည်။
- တန်ခူးလမှစပြီး ဝါခေါင်လအထိ ဝင်ငွေမရှိ / တော်သတင်း / သီတင်းကျွတ်/ တန်ဆောင်မုန်းလများတွင် အနည်းငယ်ရှိပြီး တန်ပေါင်းလတွင် ဝင်ငွေအများဆုံးလဖြစ်သည်။
- တန်ခူးလတွင် ရေရှားပါးပြီး ဝါဆိုလမှ သီတင်းကျွတ်ထိ ရေပေါ်များသည်။ တပေါင်းလတွင် ရေအနည်းသာရှိသည်။တန်ခူးလတွင် ရာသီဥတု ပူပြင်းပြီး ကဆုန်လမှစ တန်ဆောင်မုန်းလအထိ မိုးများရွာသွန်းသည်။
- တစ်နှစ်ပတ်လုံး အလုပ်လုပ်ချိန်များပျားသော်လည်း ဝင်ငွေနည်းပါးသည်။တပေါင်းလတွင်သာ ဝင်ငွေများသည်။
- ဝင်ငွေ/ထွက်ငွေမမျှတအထွက်ကအနည်းငယ်ဝင်ငွေထက်ပိုများပါသည်။နွေရာသီတွင်သောက်သုံးရေရှားပါးသည်။
- လူဦးရေများလာခြင်းနှင့် သစ်တောခုတ်ယူ ပြုန်းတီးမှု များလာသောကြောင့် စိမ့်စန်းရေများလည်းခန်းခြောက်လာပါသည်။

- ရာသီဥတု ကူးပြောင်းသောကာလများတွင် ဖျားနာခြင်းများအနည်းငယ် ရှိပါသည်။ ကဆုန်လတွင် ဝမ်းလျှောနှင့်နာစေး၊ ချောင်းဆိုး၊ရိုးရိုးဖျားသောလများလည်းရှိသည်။
- တပေါင်းလ၊တန်းခူးလတို့တွင်အလုပ်အားလပ်ချိန်ဖြစ်၍စီမံကိန်းဝင်ရန် အသင့်တော်ဆုံးလဖြစ်သည်။

**၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

ပင့်ကူအိမ်သုံးသပ်ခြင်း




## ပင်ကူအိမ်သုံးသပ်ခြင်းနှင့်ဆွေးနွေးဆန်းစစ်ခြင်း


ပင့်ကူအိမ်သုံးသပ်ခြင်း၏ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်းကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျား/ မ ခွဲဆွေးနွေးခဲ့ရာ အောက်ပါအချက်များအတိုင်း တွေ့ရှိရပါသည်။

- ကျေးရွာလူထုအတွင်း ပညာရေးပိုင်းတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပါဝင်မှုအားကောင်းကြောင်း တွေ့ရှိရပါသည်။
- လုပ်အားခ ပေးချေရာတွင် တူညီသော အလုပ်အတွက် တူညီသောလုပ်အားခများ ကျား/မ တန်းတူပေးကြောင်း တွေ့ရှိရပါသည်။
- အလုပ်ကိုင် အခွင့်လမ်းများတွင် အမျိုးသမီးများက အမျိုးသားများထက် တက်ကြွမှုရှိပြီး ဝင်ငွေရှာဖွေ့ရာတွင် အမျိုးသားများက အနည်းငယ်အားသာသည်။
- လူမှုရေးလုပ်ငန်းများတွင် အမျိုးသား/ အမျိုးသမီး ပူးပေါင်းပါဝင်မှု တန်းတူရှိသည်။
- ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အစည်းဝေးပါဝင်မှုများတွင် အမျိုးသားများသည် သမီးများထက် အားသာသည်။
- အိမ်တွင်းမှုကိစ္စများတွင် အမျိုးသားများကလုပ်ဆောင်မှု နည်းပြီး အမျိုးသမီးကများက ထိပ်ဆုံးနေရာယူထားပါသည်။
- အမျိုးသားများကအမျိုးသမီးများကိုအိမ်တွင်းမှုမှာ ဝိုင်းကူပြီး ခေါင်းဆောင်ပိုင်းမှာဆွဲခေါ်ပေးသင့်သည်။
- အမျိုးသမီးများကလည်း ရှေ့အယူအစများကို ပယ်သင့်တာပယ်သင့်ပြီးပြုပြင်သင်သည့်ကို ပြုပြင်ရန်လိုအပ်ပါသည်။ အမျိုးသမီးများကိုယ်တိုင် ကလည်းပါဝင် လာရန်လိုအပ်ပါသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ဗင်းပုံစံ



**ဗင်းပုံစံ ဆွေးနွေးဆန်းစစ်ချက်**

ကျေးရွာအတွင်းနှင့် ကျေးရွာပြင်ပအဖွဲ့အစည်းများချိတ်ဆက်မှုကို စက်ဝိုင်း အရွယ်အစားအလိုက် ရွာအပေါ်အကျိုးတက်ရောက်မှု စသည်တို့ကိုလေ့လာနိုင်ပါသည်။

- ကျေးရွာခေါင်းဆောင်သည် ကျေးရွာတွင်းနှင့်ပြင်ပအဖွဲ့အစည်းတို့ကိုအဓိကချိတ်ဆက်ပေးသည်။ ရွာကော်မတီများနှင့် ကျေးရွာလူငယ် အဖွဲ့နှင့်လဲ အမြဲတမ်း ချိတ်ဆက်မှုရှိသည်။
- ကျောင်းဂေါပကနှင့် ကျောင်းကော်မတီအဖွဲ့တို့မှာ ရန်ဖန်ရံခါ ချိတ်ဆက်မှုရှိပြီး မေတ္တာဖောင်ဒေးရှင်းမှာ ချိတ်ဆက်မှုအားနည်းသည်။
- ကျေးရွာပြင်ပတွင် မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့သည် ချိတ်ဆက်မှုအားအကောင်းဆုံး ဖြစ်သည်။
- ဒုတိယချိတ်ဆက်မှု အကောင်းဆုံးအနေဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြစ်သည်။
- ကြက်ခြေနီးအသင်းနှင့် ကျန်းမာရေးဌာနတို့လဲ ကျေးရွာပြင်ပအနေဖြင့် အနည်းငယ် ချိတ်ဆက်မှုရှိသည်။
- ကျောင်းကော်မတီနှင့် ပညာရေးဌာနတို့မှာ အနည်းငယ်ချိတ်ဆက်မှုရှိသည်။
- အုပ်ချုပ်ရေးအဖွဲ့ / နာယကအဖွဲ့ / ကျောင်းဂေါပကအဖွဲ့/ လူငယ်အဖွဲ့တို့သည် ကျေးရွာတွင်း သြဇာအာဏာကြီးမားသည်။
- ကျေးရွာတွင်းအဖွဲ့စည်းများတွင်သာမက အခြားပြင်ပ အဖွဲ့စည်းများနှင့်လဲ ချိတ်ဆက်မှုရှိသည်။

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### အခက်အခဲများ၊စိန်ခေါ်မှုများ

ကျေးရွာတွင်းရှိ အခက်ခဲ/ ပြဿနာ စိန်ခေါ်မှုများကို ကျေးရွာလူထုများအား အမျိုးသား/ အမျိုးသမီးအုပ်စုခွဲဆွေးနွေးခဲ့ရာ အောက်ပါအချက်များအတိုင်း တွေ့ရှိရပါသည်။

### အမျိုးသမီးများမှတင်ပြသောအခက်ခဲများ

- လမ်းပန်းဆက်သွယ်ရေး ခက်ခဲ (သွာလာရအဆင်မပြေဖြစ်)
- သွားလာရာတွင် တံတားမကောင်းသဖြင့် အခက်ခဲရှိ၊
- မိုးတွင်းကာလတွင် လမ်းများမကောင်းသဖြင့် ကျန်းမာရေးမှာလဲ ခက်ခဲပါသည်၊
- ကျေးရွာတွင်း ပညာတတ်နည်းပါးခြင်း၊
- စီးပွားရေး အဆင်မပြေသောကြောင့် စာသင်ကျောင်း ပြုပြင်ရာတွင် အခက်ခဲဖြစ်၊
- ကျေးရွာတွင်း အစည်းဝေးခန်းမ မရှိခြင်းကြောင့် အခက်ခဲဖြစ်ခြင်း၊
- ကျောင်းသားများအား ကောင်းစွာ မထောက်ပံ့ပေးနိုင်ခြင်း၊
- စိုက်ပျိုးရေး လုပ်ကိုင်ရာတွင် အဆင်မပြေဖြစ်ခြင်း၊
- အလုပ်ကိုင် အခွင့်လမ်းများ ရှားပါးခြင်း၊
- ကျေးရွာတွင်း ပညာတတ်နည်းပါးခြင်း၊

### အမျိုးသားများမှ တင်ပြသောအခက်ခဲများ

- ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများ မကောင်းခြင်းကြောင့် အခက်ခဲဖြစ်၊
- ရွာတွင်း ရာသီလိုက် အလုပ်မရှိသောကြောင့် အလုပ်အကိုင်ခက်ခဲဖြစ်ရသည်၊
- စားဝတ်နေရေး ခက်ခဲဖြစ်၊
- ကျောင်းစာရိတ် မထောက်ပံ့နိုင်သောကြောင့် အခက်ခဲဖြစ်၊
- ကျေးရွာတွင်း ဆေးပေးခန်း မရှိခြင်းကြောင့် ကျန်းမာရေးမကောင်းချိန်တွင် အခက်ခဲဖြစ်ရသည်။
- စီးပွားရေး အဆင်မပြေ မပြည့်စုံသောကြောင့် အခက်ခဲတွေ့ရသည်။
- စိုက်ပျိုးရေး လုပ်ကိုင်ရာတွင် အဆင်မပြေဖြစ်ခြင်း၊
- စီးပွားရေး အဆင်မပြေဖြစ်ခြင်း၊
- ကျန်းမာရေး ပညာရေး အသိပညာ နည်းပါးခြင်း၊
- ကျေးရွာတွင်း မီးမရှိခြင်း၊

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### မျှော်မှန်းချက်များ

ပင်လေကျေးရွာရှိ အမျိုးသား/ အမျိုးသမီးများ အုပ်စုခွဲပြီး နောင်လေးနှစ်အတွင်း မျှော်မှန်းချက်များကို ကျေးရွာလူထုများနှင့်အတူ ဆွေးနွေးဆန်းစစ်မှုပြုခဲ့ရာ အောက်ပါအချက်များအတိုင်း တွေ့ရှိရပါသည်။

### အမျိုးသားများမှတင်ပြသောမျှော်မှန်းချက်များ

- ကျေးရွာရှိ စာသင်ကျောင်း အုတ်တံတိုင်းအကာ ရရှိရန် မျှော်မှန်း၊
- ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းများ ကောင်းကောင်းရရှိရန် မျှော်မှန်း၊
- ရွာတွင်း ရာသီလိုက် အလုပ်မရှိသောကြောင့် အလုပ်အကိုင်ရရှိရန် မျှော်မှန်း၊
- စားဝတ်နေရေး ခက်ခဲဖြစ်သောကြောင့် အထောက့်ပံ့ရရှိရန် မျှော်မှန်း၊
- ကျေးရွာတွင်း ရွာလည်ခန်းမ ရရှိရန်မျှော်မှန်း ၊
- ကျေးရွာတွင်း ဆေးပေးခန်း မရှိခြင်းကြောင့် ဆေးခန်းရရှိရန် မျှော်မှန်း ၊
- စာသင်ကျောင်း စာရိတ် ထောက်ပံ့ပေးစေလို ၊
- ကျေးရွာတွင်း မီးရရှိရန် မျှော်မှန်း ၊
- စိုက်ပျိုးရေး နည်းပညာနှင့် အရင်းအနှီး ရရှိချင်၊

### အမျိုးသမီးများမှတင်ပြသောမျှော်မှန်းချက်များ

- လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စွာ ရရှိရန်မျှော်မှန်း ၊
- တံတားမကောင်းသဖြင့် ပြန်လည်ပြုပြင်ပေးရန် မျှော်မှန်း ၊
- ကျန်းမာရေးခက်ခဲသောကြောင့် ဆေးပေးခန်းရရှိရန် မျှော်မှန်း၊
- ကလေးများ ပညာရေးအတွက် ထောက်ပံ့မှုများ ရရှိစေချင်၊
- စာသင်ကျောင်းပြုပြင်ပေးရန် မျှော်မှန်း ၊
- ကျေးရွာတွင်း အစည်းဝေးခန်းမဆောင်သစ် ရရှိရန် မျှော်မှန်း ၊
- စိုက်ပျိုးရေးအတွက် အရင်းအနှီးနှင့် နည်းပညာများရရှိရန်မျှော်မှန်း၊
- စီးပွားရေး ပြည့်စုံ အဆင်ပြေရန် မျှော်မှန်းပါသည် ၊

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ/စီမံကိန်းလုပ်ငန်းခွဲများစာရင်း

ကောင်ရှူး/ ပင်လေ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ကျေးရွာရှိ အမျိုးသား/ အမျိုးသမီးများ အုပ်စုဖွဲ့၍ လုပ်ဆောင်ခဲ့ရာ အောက်ပါအချက်များအတိုင်း တွေ့ရှိခဲ့ရပါသည်။

#### အမျိုးသားများမှအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

- ကျေးရွာချင်းဆက်လမ်း ကောင်ရှူး(ပင်လေ) မှ တောင်သာ/ လာဇရှူး ကျောက်ချောလမ်းရရှိစေချင်
- စာသင်ကျောင်း အုတ်တံတိုင်းကာပေးစေလို
- ကျေးရွာလည်ခန်းမဆောင်သစ် ပြုလုပ်ပေးစေလို
- ကွန်ကရစ်တံတား ပြုပြင် တည်ဆောက်ပေးစေလို
- စာသင်ကျောင်း စာရိတ် ထောက်ပံ့ပေးစေလို
- ကျေးရွာတွင်း မီးရရှိရန် မျှော်မှန်း၊
- ရွာတွင်း ရာသီလိုက် အလုပ်မရှိသောကြောင့် အလုပ်အကိုင်ရရှိရန်၊
- ကျေးရွာတွင်း ဆေးပေးခန်း မရှိခြင်းကြောင့် ဆေးခန်းရရှိရန်
- စားဝတ်နေရေး ခက်ခဲဖြစ်သောကြောင့် အထောက်ပံ့ရရှိရန်

#### အမျိုးသမီးများမှအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

- ကျောက်ချောလမ်းပြုပြင်ပေးစေလို
- ကွန်ကရစ်ဖြင့် တံတားတည်ဆောက်ပေးစေလို
- ကျေးရွာတွင်း ဆေးပေးခန်း
- စာသင်ကျောင်း အုတ်တံတိုင်းကာပေးစေလို
- ရွာလည်ခန်းမဆောင်သစ် ရချင်
- ကျောင်းဆရာ/ ဆရာမ ဝန်ထမ်းအိမ်ယာ တည်ဆောက်ပေးစေလို
- စီးပွားရေး အဆင်ပြေစေရန် ထောက်ပံ့ငွေများ ရရှိလို
- စိုက်ပျိုးရေး အရင်းအနှီးနှင့် နည်းပညာ
- ကလေးများ ပညာရေးအတွက် ထောက်ပံ့မှုများ ရရှိစေချင်၊


## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ပူးတွဲအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

ပင်လေ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ကျေးရွာလူထုများ ကျား/မ အုပ်စုခွဲ ပြုလုပ်ခဲ့ရာ ပူးတွဲအဆိုပြုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောက်ပါအတိုင်းထွက်ပေါ်လာခဲ့ပါသည်။


- ကျောက်ချောလမ်း (ကျေးရွာချင်းဆက်)။ (က+မ)
- စာသင်ကျောင်း အုတ်တံတိုင်းကာ (က)
- ကျေးရွာ ရွာလည် ခန်းမဆောင်သစ် (က+မ)
- စာသင်ကျောင်းဆောင် ပြုပြင်ခြင်း။ (က+မ)
- စိုက်ပျိုးရေး နည်းပညာနှင့် အရင်းအနှီး။ (က+မ)
- ကွန်ကရစ် တံတားပြုပြင်တည်ဆောက်ပေးစေလို။ (က+မ)
- ကျေးရွာဆေးပေးခန်း။ (မ)
- ဆရာ/ ဆရာမများ ဝန်ထမ်းအိမ်ယာ။ (မ)
- ကလေးများ ပညာရေးအတွက် ထောက်ပံ့မှုများ ရရှိစေချင်၊ (က+မ)
- ရွာတွင်း ရာသီလိုက် အလုပ်မရှိသောကြောင့် အလုပ်အကိုင်ရရှိရန်၊ (က+မ)
- ကျေးရွာတွင်း ဆေးပေးခန်း မရှိခြင်းကြောင့် ဆေးခန်းရရှိရန် (က+မ)
- စားဝတ်နေရေး ခက်ခဲဖြစ်သောကြောင့် အထောက့်ပံ့ရရှိရန် (က+မ)

### ဦးစားပေးအဆင့်နှင့်စီမံကိန်းလုပ်ငန်းခွဲများရွေးချယ်ခြင်း



၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

## ကော်မတီဝင်များရွေးချယ်ခြင်း




၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



## ၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





# ၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဇော်ဝင်း | ၀၉-၂၆၂၇၉၈၇၅၅ | နန်းပဒိုင်းဘ(၂)ဝံဖွေ |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်း~~ဒေသကြီး~~ ရှမ်း | မြို့နယ် ဆီဆိုင် | ကျေးရွာအုပ်စု ကုန်းဆွတ် | ကျေးရွာ ပင်လေး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ပအိုဝ်း--- | ၃၁ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၃၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၇၃ | | |
| လူမျိုးစု (၁)--ပအိုဝ်း | ၃၄ | ၃၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၇ | ၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာ-မှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | **မြေသားလမ်း** | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? [illegible] ဝိုင်းပါ **ရှိပါသည်**/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--2015--/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? **ပြုခဲ့ပါသည်**/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်----4---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ---၃၀--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် ---၄ နာရီ--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ  □ ရှိပါသည်  ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---ရွာကော်မတီ---

(၂) ---ဇာ ကော်မတီ---

(၃) မေတ္တာမွန် ဖြိုးတိုးတက်ရေး အောင်မြေး ရှင်း အဖွဲ့

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ  ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်  အမည် ဦးဝေါင်

လက်မှတ် [signature]  နေ့စွဲ 4.5.2017

လူထုစည်းရုံးရေးမှူး  အမည် နန်းယဉ်ဝင်း

လက်မှတ် [signature]  နေ့စွဲ 4.5.2017

## ၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)

ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | |
|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဒါလီ(၁) ဒေါ်ဝင်း | |
| နေ့စွဲ 4.5.2017 | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ရှမ်း(တ) / မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] / ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 4.5.2017 | 4.5.2017 | 33 | 38 | 31 | ပအိုဝ်း / ၇၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 5.5.2017 | 5.5.2017 | 32 | 36 | 31 | ပအိုဝ်း / ၆၉ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော် ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

# ၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | | | |
|---|---|---|---|---|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နှင်းပဒိုင်းဝ(၁) နှင်းဝမှုး | | | | | |
| နေ့စွဲ 5.5.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ရှမ်း(တ) | | မြို့နယ် သီဆိုင် | ကျေးရွာအုပ်စု ကုန်းဆွတ် | ကျေးရွာ ပင်လေး | |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးခက်ခဲ | ၁ | လမ်းပန်းဆက်သွယ်ရေးခက်ခဲ |
| ၂ | အလုပ်အကိုင်/စီးပွားရေးခက်ခဲ | ၂ | တံတားအခက်အခဲရှိခြင်း |
| ၃ | စားရေးသောက်ရေးအဆင်မပြေ | ၃ | စာသင်ကျောင်းဝေး၍ခက်ခဲ |
| ၄ | ကျန်းမာရေးအခက်အခဲရှိခြင်း | ၄ | ရွာလယ်ခန်းမမရှိ၍ခက်ခဲ |
| ၅ | · | ၅ | ပညာရေးအခက်အခဲရှိ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးကောင်းစေခြင်း | ၁ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေခြင်း |
| ၂ | စာသင်ကျောင်းကောင်းမွန်စေခြင်း | ၂ | တံတားပြုပြင်ခြင်း |
| ၃ | ဆေးပေးခန်းမျှော်မှန်း | ၃ | စာသင်ကျောင်းပြုပြင်ခြင်း |
| ၄ | ရွာလယ်ခန်းမမျှော်မှန်းခြင်း | ၄ | ရွာလယ်ခန်းမမျှော်မှန်းခြင်း |
| ၅ | | ၅ | သားသမီးပညာရေးထောက်ပံ့ပေးနိုင်ခြင်း |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ကျောက်ချောလမ်း | က+မ | ၆၅၃၂' | 125 |
| ၂ | ရွာလယ်ခန်းမ | က+မ | 24'15' | 125 |
| ၃ | စာသင်ကျောင်းပြုပြင် | က+မ | 60'30' | 125 |
| ၄ | တံတားပြုပြင်ခြင်း | က+မ | 18'9' | 125 |
| ၅ | ဆေးပေးခန်း | မ | 24'15' | 125 |

ယ။ လုထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | မ | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် [illegible] နေ့စွဲ 5.5.2017

# ၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ခွန်သိန်းရှေ ၊ မောင်နီအောင်

| | | |
|---|---|---|
| နေ့စွဲ 8.5.2017 | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရှမ်း | မြို့နယ် ဆီဆိုင် | ကျေးရွာအုပ်စု ကျွန်းဆွတ် |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| မဲ့တိုင်းထို | ရေကျိုတင် + ရေပိုက် | 1"PVC 3650' + 1"GI 300' | ကျ - 118<br>မ - 127<br>245 | □ ကျား<br>□ မ<br>☑ ကျား+ မ | ၄,၂၀၀,၀၀၀ | - | - | | ၄,၂၀၀,၀၀၀ |
| ထိရော့ | ရေတားဆည်ကျောက်စီ | 72'x2'x9' | ကျ - ၅၅<br>မ - ၅၀<br>105 | □ ကျား<br>□ မ<br>☑ ကျား+ မ | ၃,၀၀၀,၀၀၀ | - | - | | ၃,၀၀၀,၀၀၀ |
| လာရေး | ကျောင်းမြေ မြှင့် | 60'x20'x12' | ကျ -<br>မ - [illegible]<br>219 | □ ကျား<br>□ မ<br>☑ ကျား+ မ | ၉,၆၀၀,၀၀၀ | - | - | | ၉,၆၀၀,၀၀၀ |
| နော်ဒေယွေး(ရှ) | ရေလှောင်ကန် ဂါလံ(၅၀၀၀) | 15'x10'x 5'-6" | ကျ - 101<br>မ - 100<br>201 | □ ကျား<br>□ မ<br>☑ ကျား+ မ | ၃,၅၀၀,၀၀၀ | - | - | | ၃,၅၀၀,၀၀၀ |

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ဇမြနီ | ထိကားဖြူဖြစ် | (18'x12'x6') | က - 207<br>မ - 215<br>422 | □ကျား<br>□မ<br>□ကျား+ မ | ၃,၅၀၀,၀၀၀ | - | - | | | ၃,၅၀၀,၀၀၀ |
| သဗြေကုန်း | ဘိုဖိတွင်းတူး | | က - ၅၈<br>မ - ၅၅<br>၁၁၃ | □ကျား<br>□မ<br>☑ကျား+ မ | ၃,၀၀၀,၀၀၀ | - | - | | | ၃,၀၀၀,၀၀၀ |
| ကုန်းသာ(ရှေ့) | ရေပိုက်သွယ်<br>(2"ø PVC) | ၁မိုင် ၂ ဖာလုံ | က - ၃၂၂<br>မ - ၃၅၀<br>၆၇၂ | □ကျား<br>□မ<br>□ကျား+ မ | ၅,၅၀၀,၅၀၀ | | | | | ၅,၅၀၀,၀၀၀ |
| ကုန်းသာ(နောက်) | ရေပိုက် နှင့်<br>ရေစင်နှင့်ကန် | ဂါလံ ၅၀၀၀<br>(1035' ရှည်) | က - 85<br>မ - 81<br>166 | ☑ကျား<br>□မ<br>□ကျား+ မ | ၂,၅၀၀,၀၀၀ | | | | | ၂,၅၀၀,၀၀၀ |
| နမ့်မော်လိတ် | ရေပိုက်နှင့်<br>ရေလှောင်ကန် | ဂါလံ (၅၀၀၀) | က - 132<br>မ - 121<br>၂၅၃ | □ကျား<br>☑မ<br>□ကျား+ မ | ၄,၀၀၀,၀၀၀ | | | | | ၄,၀၀၀,၀၀၀ |
| နမ့်ဦး | ရေလှောင်ကန်<br>ဂါလံ ၄၅၀၀ | (12'x10'x6') | က - ၉၀<br>မ - ၉၄<br>184 | □ကျား<br>□မ<br>☑ကျား+ မ | ၂,၇၀၀,၀၀၀ | | | | | ၂,၇၀၀,၀၀၀ |
| ယန်ကန်းလေး | ရေလှောင်ကန်<br>နှင့်သဲစစ်ကန် | ဂါလံ (၅၀၀၀)<br>(14'x9'-6"x6') | က - 107<br>မ - 104<br>211 | □ကျား<br>□မ<br>☑ကျား+ မ | ၃,၅၀၀,၀၀၀ | | | | | ၃,၅၀၀,၀၀၀ |

ရာထူးကျေးရွာအုပ်စုစီ/ထောက်ကော်မတီဥက္ကဋ္ဌအမည် လက်မှတ် ရက်စွဲ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မရို့ဆုံ | ဘောက်သုံးရှေ့ ဂိုဒေါင်ရှေ့ ရွှေဘောင်ကန် ပိုက် (၆၀၀ ပေ) | | ကျ - <br> မ - | ☐ကျား<br>☐မ<br>☐ကျား+ မ | ၄,၂၀၀,၀၀၀ | - | - | | ၄,၂၀၀,၀၀၀ |
| မကောက်(ရှေ့) | တံတားအဝိုး မိုးခြင်း | ၁၆၀'x၁၈' | ကျ - 212 <br> မ - 204 <br> 416 | ☐ကျား<br>☐မ<br>☑ကျား+ မ | ၂,၅၀၀,၀၀၀ | - | - | | ၂,၅၀၀,၀၀၀ |
| မကောက်(နောက်) | ကျေးရွာခိုးမ ဆောင် | (30'x20'x12) | ကျ - ၁၃၄ <br> မ - ၁၃၈ <br> ၂၇၂ | ☐ကျား<br>☐မ<br>☑ကျား+ မ | ၃,၀၀၀,၀၀၀ | - | - | | ၃,၀၀၀,၀၀၀ |
| ကျွန်းမြှင့် | ရေကန်(ဂါလံ 2000) ရေသွယ်ပိုက် (530 ပေ) | | ကျ - 37 <br> မ - 44 <br> 81 | ☐ကျား<br>☐မ<br>☑ကျား+ မ | ၂,၈၀၀,၀၀၀ | - | - | | ၂,၈၀၀,၀၀၀ |
| | | | | ☐ကျား<br>☐မ<br>☐ကျား+ မ | | | | | |
| | | | | ☐ကျား<br>☐မ<br>☐ကျား+ မ | | | | | |
| | | | | ☐ကျား<br>☐မ<br>☐ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု/ထောက်ကော်မတီဥက္ကဋ္ဌအမည် လက်မှတ် ရက်စွဲ

ဦးအောင်ဆန်း [signature] 8.5.2017

## ၁၂။ အစည်းအဝေးမှတ်တမ်းများ

**ပထမအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း**

| | |
|---|---|
| ကျေးရွာအမည် | ကုန်းဆွတ်အုပ်စု |
| ကျေးရွာအုပ်စုအမည် | ပင်လေ |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | ၄.၅ ၂၀၁၇ |
| အစည်းအဝေးတက်ရောက်သူဦးရေ | ကျား(၃၃)ဦး၊မ(၃၈) ပေါင်း(၇၁)ဦး |
| အစည်းအဝေးကျင်းပသည့် နေရာ | ကျေးရွာစာသင်ကျောင်း |
| အချိန် | နံနက်(၈)နာရီ |

**ဆွေးနွေးသည့်အကြောင်းအရာ**

ပထမဦးစွာအစည်းအဝေးကိုကျေးရွာခေါင်းဆောင်မှ အဖွဲ့ ့ဝင့်အမှာစကားပြောကြားပြီးဖွဲ့ ့ဝင့်လုပ်ခဲ့ပါသည်။ထို့နောက်စီမံကိန်းမှ တာဝန်ရှိသည့် လူထုစည်းရုံးရေးမှူးမှ စီမံကိန်းမိတ်ဆက်(၁၅)ချက်နှင့် စီမံကိန်းစက်ဝန်းအကြောင်းကိုဆွေးနွေးတင်ပြပါသည်။ ကျေးရွာစေတနာ့ဝန်ထမ်းများကိုမဲစနစ်ဖြင့် ရွေးချယ်၍တင်မြှောက်ခဲ့ပါသည်။ VDPစာအုပ်အတွက်အဓိကအရေး ကြီးသောPRA/PSA Toolsများကို ကျေးရွာလူထုများအား အုပ်စုခွဲ၍ဆွေးနွေးခဲ့ပါသည်။ ပင့်ကူအိမ်သုံးသပ်ချက်ကို ကျား/မခွဲ၍ဆွေးနွေးခဲ့ပါသည်။ PRA/PSA များမှရရှိလာသော လိုအပ်ချက်များကို ဘယ်လိုကောင်းအောင် လုပ်ဆောင်နိုင်သည်ကို ဆွေးနွေးတိုင်ပင်ခဲ့ပါသည်။ ဒုတိယနေ့ အတွက်အစီအစဉ်များကိုအနည်းငယ် ဆွေးနွေး၍ ပထမနေ့ အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

**ဆုံးဖြတ်ချက်များ**

ပထမနေ့ အစည်းအဝေးမှ ကျေးရွာလုပ်ငန်းများလုပ်ဆောင်ရာတွင်ကူညီလုပ်ကိုင်ပေးမည့် ကျေးရွာစေတနာ့ဝန်းထမ်းများကိုမဲစနစ်ဖြင့် ဆုံးဖြတ်ရွေးချယ်နိုင်ခဲ့ပါသည်။PRA/PSA Tools များကိုလည်းရွာသူ/သားများအုပ်စုခွဲ လုပ်ဆောင်နိုင်ခဲ့ပြီး ကျား/မရေးရာတန်းတူညီမျှရေး နှင့် ကဏ္ဍတိုင်းတွင်အမျိုးသမီးများကိုထည့်သွင်းစဉ်းစားသင့်ကြောင်း ပိုမိုသိလာစေပါသည်။

မှတ်တမ်းတင်သူ

အမည် နန်းယိမ်းစံ

ရာထူး လူထုစည်းရုံးရေးမှုး

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာအမည် | ပင်လေ |
| ကျေးရွာအုပ်စုအမည် | ကုန်းဆွတ် |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | ၅.၅ ၂၀၁၇ |
| အစည်းအဝေးတက်ရောက်သူဦးရေ | ကျား(၃၂)ဦး၊မ(၃၆) ပေါင်း(၆၈)ဦး |
| အစည်းအဝေးကျင်းပသည့် နေရာ | ကျေးရွာစာသင်ကျောင်း |
| အချိန် | နံနက်(၉)နာရီ |

**ဆွေးနွေးသည့်အကြောင်းအရာ**

ပထမနေ့မှတင်ပြဆွေးနွေးထားသော PRA/PSA toolsများကိုပြန်လည်တင်ပြဆွေးနွေးပါသည်။ ပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြနိုင်ရန် ကျေးရွာ၏ အခက်ခဲပြဿနာများ၊ မျှော်မှန်းချက်များနှင့် ကျေးရွာ၏ဖွံ့ဖြိုးရေး လုပ်ငန်းများကို အမျိုးသား/အမျိုးသမီးများ ခွဲ၍ပြုလုပ်ဆွေးနွေး တင်ပြစေပါသည်။ လုပ်ငန်းခွဲများထွက်လာပြီးနောက်ကျေးရွာစီးထောက် ကော်မတီများကို အများသဘောဖြစ်စေရန် မဲစနစ်ဖြင်ရွေးချယ်ရန်ဆွေးနွေးခဲ့ပါသည်။ လုပ်ငန်းခွဲထွက်လာပြီးနောက် အကျိုးဝင်သောလုပ်ငန်းများနှင့် အကျိုးမဝင်သောလုပ်ငန်းများကို ဆွေးနွေးတင်ပြပါသည်။

**ဆုံးဖြတ်ချက်များ**

ကျေးရွာ၏အခက်ခဲပြဿနာ၊ မျှော်မှန်းချက်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မဲစနစ်ဖြင့်ရွေးချယ်ခဲ့ပါသည်။ ကျေးရွာ စီ/ထောက်ကော်မတီဝင်များကိုလည်း ရွာသူ/သားများက မဲစနစ်ဖြင့်ရွေးချယ်တင်မြောက်ခဲ့ပါသည်။ ထို့နောက် ကော်မတီဝင်များ၏ ဆောင်ရန်၊ရှောင်ရန်များကိုရှင်းပြပြီး လုပ်ငန်းခွဲပြုလုပ်ရာတွင် လိုအပ်မည့် အကာအကွယ်အသုံးပြုမှုနှင့် တိုင်ကြားနိုင်သော နည်းလမ်းအမျိုးမျိုးတို့ကိုရှင်းပြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ

အမည် နန်းယိမ်းစံ

ရာထူး လူထုစည်းရုံးရေးမှူး

## ၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးလုပ်ငန်းစဉ်များ

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁။ | ကျောက်ချောလမ်းကျေးရွာချင်းဆက် | က<br>မ | စီ/ထောက် ကော်မတီအဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၂။ | ကျေးရွာတွင်း ရွာလည်ခန်းမဆောင်သစ် | က<br>မ | စီ/ထောက် ကော်မတီအဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၃။ | ကွန်ကရစ် တံတား | က<br>မ | စီ/ထောက် ကော်မတီအဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၄။ | စာသင်ကျောင်းအုတ်တံတိုင်းကာ | က<br>မ | ကျောင်းကော်မတီနှင့် ကျေးရွာလူထု | ပညာရေး ဌာနနှင့် အခြားပြင်ပ အဖွဲ့စည်းများ |
| | ၅။ | စာသင်ကျောင်းပြုပြင် | က<br>မ | ကျောင်းကော်မတီနှင့် ကျေးရွာလူထု | ပညာရေး ဌာနနှင့် အခြားပြင်ပ အဖွဲ့စည်းများ |
| အသက်မွေးဝမ်းကျောင်း / စီးပွားရေး | ၁ | ဆိုင်ကယ်ပြင်သင်တန်း | က | ကျေးရွာရှိလူငယ်များ | ပြင်ပအဖွဲ့စည်းများ |
| | ၂ | ရွာတွင်း ရာသီလိုက် အလုပ်မရှိသောကြောင့် အလုပ်အကိုင်ရရှိရန်၊ | က<br>မ | ကျေးရွာလူထု အားလုံး | အခြားပြင်ပ အဖွဲ့စည်းများ |
| | ၃ | စိုက်ပျိုးရေး အရင်းအနှီး | မ | စိုက်ပျိုးရေးကို စိတ်ပါဝင်စားသူများ | အခြားပြင်ပအဖွဲ့စည်း နှင့် စိုက်ပျိုးရေး ဌာန |
| | ၄ | စိုက်ပျိုးရေးနည်းပညာများ | က<br>မ | စိုက်ပျိုးရေးကို စိတ်ပါဝင်စားသူများ | အခြားပြင်ပအဖွဲ့စည်းနှင့် စိုက်ပျိုးရေး ဌာန |
| | ၅ | | | | |
| ကျန်းမာရေး ပညာရေး | ၁ | ကျေးရွာဆေးပေးခန်း | က<br>မ | ကျေးရွာလူထု အားလုံး | ကျန်းမာရေး ဌာနနှင့် အခြားပြင်ပ အဖွဲ့စည်းများ |
| | ၂ | ကျန်းမာရေး အထောက်ပံ့များ ရရှိရန် | မ | ကျေးရွာလူထု အားလုံး | ကျန်းမာရေး ဌာနနှင့် အခြားပြင်ပ အဖွဲ့စည်းများ |
| | ၃ | | | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | | | |
| | ၅ | | | | |
| ပညာရေး | ၁ | ကျောင်းဆရာ/ဆရာမ ဝန်ထမ်းအိမ်ယာ | မ | ကျောင်းကော်မတီ များနှင့် ကျေးရွာလူထု | ပညာရေး ဌာနနှင့် အခြားပြင်ပ အဖွဲ့စည်းများ |
| | ၂ | ကလေးများ ပညာရေးအတွက် ထောက်ပံ့မှုများ ရရှိစေချင်၊ | က<br>မ | ကျောင်းကော်မတီ အဖွဲ့ဝင်များ | ပညာရေး ဌာနနှင့် အခြားပြင်ပ အဖွဲ့စည်းများ |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| အခြား | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |

**VDP အရည်အသွေးထိန်းချုပ်မှု**

ထိန်းချုပ်သူ- ရက်စွဲ- VDP ရက်စွဲ-

ကျေးရွာ- ၊ ကျေးရွာအုပ်စု- မြို့နယ်- ဆီဆိုင်

(၁) VDP စာရွက်စာတမ်း ပြီးဆုံးမှုကို စစ်ဆေးပါ။ (Operation Manual အရ)

- ✓ မျက်နှာဖုံး (အဖုံး)
- ✓ မာတိကာ
- ✓ ကျေးရွာအခြေခံ အချက်အလက် (Data)
- ✓ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ✓ ကျေျရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလာဒ်)
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း( အခြေခံအဆောက်အဦ□ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု...စသည်ဖြင့်-)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်း ဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်။ စည်းစိမ်ပိုင်ဆိုင်မှု (ဥစ္စာခနဲ) အဆင့်၊ Venn ပုံ...စသည်ဖြင့်-)
- ကျေးရွာစီမံကိန်း ရေးဆွဲရေး အစည်းအဝေးမိတ္တူ
- ကျေးရွာအချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သော ဦးရေ (အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - o အလွန်ကောင်း
  - o ကောင်း
  - o ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်း နှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ ရလာဒ်အား ခွဲခြားပေးထား ပါသလား။
  - o ရှိ
  - o မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှု အရေအတွက်
- PRA နှင့် သက်ဆိုင်သောအခြားစီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်)